**WASHINGTON**
Exposure Notifications

**Washington Exposure Notifications (ဝါရှင်တန် ထိတွေ့မှု အကြောင်းကြားစာများ)ဆိုတာဘာလဲ။**

Washington Exposure Notifications (WA Notify (ဒဗျူလူအေ အကြောင်းကြားစာ) ဟုလည်းသိကြသည့်) သည် ကိုဗစ်-19 ရောဂါပိုးနှင့် ထိတွေ့မိနိုင်ကြောင်း သတိပေးနိုင်သည့် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို မမျှဘဲ စမတ်ဖုန်းမှတစ်ဆင့် အလုပ်လုပ်သည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။ ၄င်းသည် လုံးဝ လျှို့ဝှက်ဖြစ်ပြီး သင်ဘယ်သူလဲ၊ ဘယ်သွားခဲ့လဲ စသည်တို့ကို လုံးဝမသိသော၊ ခြေရာခံမလိုက်သော နည်းလမ်းဖြစ်ပါသည်။

**ဘယ်လိုအလုပ်လုပ်သလဲ။**

WA Notify ကို သင်ဖွင့်ထားပါက သင့်ဖုန်းသည် အနီးအနားရှိ WA Notify ဖွင့်ထားသော သူများ၏ ဖုန်းများနှင့် ကျပန်းဖြစ်သော မည်သူမှန်းမသိသော ကုဒ်များကို ဖလှယ်ပါသည်။ အက်ပ်စ်က Bluetooth Low Energy (BLE) (ဘလူးတုဒ် စွမ်းအင်နိမ့် (BLE)) နည်းပညာ ကို အသုံးပြုပြီး သင်ဘယ်သူမှန်းမသိစေဘဲ အဆိုပါကုဒ်များကို ဖလှယ်ပါသည်။ အကယ်၍ သင့်အနီးနားတွင် လွန်ခဲ့သော နှစ်ပတ်အတွင်းက ရှိခဲ့ဖူးသော WA Notify အသုံးပြုသူတစ်ယောက်တွင် ကိုဗစ်-19 ရောဂါပိုးစစ်ဆေးတွေ့ရှိပြီး ၄င်း၏ အတည်ပြုကုဒ်ကို အက်ပ်စ်ထဲထည့်လိုက်ပါက သင်သည် ရောဂါပိုးနှင့် ထိတွေ့မိနိုင်ကြောင်း အမည်မသိ အကြောင်းကြားချက်ကို ရရှိမည် ဖြစ်ပါသည်။ ယင်းသို့အားဖြင့် သင့်အနေနှင့်လည်း လိုအပ်သည့် ပြုစုစောင့်ရှောက်မှုများကို ရစေနိုင်သလို သင့်အနားရှိ အခြားသူများထံ ကိုဗစ်-19 ရောဂါပိုးမပျံ့စေရန်လည်း ကူညီနိုင်ပါသည်။

**၄င်းက ဘယ်လိုအကူအညီပေးနိုင်သလဲ။**

လေ့လာမှုများအရ Exposure notification ကို အသုံးပြုသူများလေလေ အကျိုးကျေးဇူးပိုများလေဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။ ဝါရှင်တန်ပြည်နယ်တွင်းရှိ ကောင်တီ သုံးခုတွင် ပြုလုပ်သည့် အစမ်းလုပ်ဆောင်မှုများအရ WA Notify ကို အသုံးပြုသူအနည်းငယ်ရှိလျှင်လည်း ရောဂါပိုးကူးစက်ခံရမှု နှင့် သေဆုံးမှုကို လျှော့ချပေးနိုင်ကြောင်း တွေ့ရှိရပါသည်။ နှာခေါင်းစည်းများ ဝတ်ဆင်ခြင်း၊ လူလူချင်း ခပ်ခွာခွာနေခြင်း နှင့် လူနည်းနည်းသာစုနေခြင်းတို့ကဲ့သို့ပင် WA Notify သည် ကိုဗစ်-19 ရောဂါပိုးပျံ့နှံ့မှုကို ကာကွယ်နိုင်စေမည့် နောက်နည်းလမ်းတစ်ခုဖြစ်ပါသည်။

**ကျွန်ုပ်၏ ကိုယ်ရေးကိုယ်တာ ကို ဘယ်လိုအကာအကွယ်ပေးထားသလဲ။**

WA Notify သည် အသုံးပြုသူများ၏ ကိုယ်ရေးကိုယ်တာ လုံခြုံမှုကို ကာကွယ်ရန် ဒီဇိုင်းရေးဆွဲထားသည့် Google Apple Exposure Notification နည်းပညာကို အခြေခံထားပါသည်။ စနစ်သည် တည်နေရာ အချက်အလက် သို့မဟုတ် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို Google၊ Apple၊ ဝါရှင်တန် ပြည်နယ် Department of Health(DOH) (ကျန်းမာရေး ဌာန(DOH)) သို့မဟုတ် အခြားအသုံးပြုသူများကို မျှမည် မဟုတ်ပါ။ ပါဝင်ခြင်း မပါဝင်ခြင်းမှာ မိတ်ဆွေ၏ ဆန္ဒအလျောက်သာ ဖြစ်ပါသည်။ အသုံးပြုသူများသည် မည်သည့်အချိန်တွင်မဆို အသုံးပြုခြင်း သို့မဟုတ် အသုံးမပြုတော့ခြင်းကို ပြုလုပ်နိုင်ပါသည်။

**ကျွန်ုပ်၏ ဖုန်းပေါ်တွင် WA Notify ကို ဘယ်လို ထပ်ရမလဲ။**

| **iPhone** ပေါ်တွင် Settings ထဲမှ Exposure Notifications ကို ဖွင့်လိုက်ပါ။ | **အန်းဒရွိုက် ဖုန်းပေါ်တွင်** |
|---|---|
| - Settings သို့သွားပါ<br>- Exposure Notifcations သို့ရောက်သည်အထိ ဆွဲချကြည့်ပါ<br>- “Exposure Notifications ကိုဖွင့်မည်” ပေါ်တွင် ဖိပါ<br>- အမေရိကပြည်ထောင်စု ကို ရွေးချယ်ပါ<br>- ဝါရှင်တန် ကို ရွေးချယ်ပါ | - Google Play Store သို့သွားပါ။<br>- Washington Exposure Notifications အက်ပ်စ်ကို ဒေါင်းလုပ်ဒ်လုပ်ပါ |

**ဝါရှင်တန် က ဘာကြောင့် ဤနည်းလမ်းကို ရွေးချယ်ရသလဲ။**

ဝါရှင်တန်သည် လုံခြုံရေး နှင့် မြို့ပြလွတ်လပ်ခွင့် ကျွမ်းကျင်သူများ၊ အသိုင်းအဝိုင်းမျိုးစုံမှ အဖွဲ့ဝင်များ ပါဝင်သည့် ပြည်နယ်လေ့လာရေး အုပ်စုကို ဖွဲ့စည်းပြီး Apple/Google ဖြေရှင်းနည်းလမ်းကို လေ့လာခဲ့ပါသည်။ ထိုအုပ်စုက နည်းလမ်း၏ ယုံကြည်စိတ်ချရမှု၊ အကောင်းမွန်ဆုံး အချက်အလက် အကာအကွယ်ပေးနိုင်စွမ်း နှင့် အခြားပြည်နယ်များတွင် အသုံးပြုနိုင်မှုတို့အပေါ် အခြေခံပြီး အသုံးပြုရန် တိုက်တွန်းအကြံပေးထားပါသည်။